# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၃၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၄) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၅) တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၁ ရက်၊

(၆) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၇) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်၊

(၈) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၉) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၀) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၁၁) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၂) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၂ ရက်၊

(၁၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၁၄) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၁၅) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၁ ရက်၊

(၁၆) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၁၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်နှင့်

(၁၈) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအားခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၉၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သီးခြားလွတ်လပ်သည့်အဖွဲ့ဖြစ်/မဖြစ်နှင့် ကော်မရှင်၏ ဆောင်ရွက်မှုကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရပ်တည်မှုနှင့်ဆောင်ရွက်မှုတို့ကို သိရှိလိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဒီမေးခွန်းကို မေးဖြစ်တဲ့နောက်မှ ပြည်ထောင်စုအစိုးရအဖွဲ့ ၅-၉-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကိုဖျက်သိမ်းလိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်(၂၃/၂၀၁၄)ဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေး၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်၏မေးခွန်းကွဲလွဲချက်၊ ကွာခြားချက်များရှိပါက သည်းခံခွင့်လွှတ်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သီးခြားလွတ်လပ်တဲ့အဖွဲ့တစ်ခု ဖြစ်ရမည်။ လူ့အခွင့်အရေးချိုးဖောက်မှု၊ တိုင်ကြားမှုတွေကို လက်ခံစစ်ဆေးပေးခြင်း၊ တရားဥပဒေစိုးမိုးမှုရှိဖို့အတွက် လူ့အခွင့်အရေးကိုကာကွယ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရတယ်လို့ သိရှိရပါတယ်။ ဥပဒေစိုးမိုးရေးမှာ လူ့အခွင့်အရေးက အရေးကြီးတာကြောင့် လူသားတစ်ယောက်ရဲ့ လူသားဆန်မှု၊ လူသားဖြစ်မှုဆိုတာ ဥပဒေအရ ရပိုင်ခွင့်ဖြစ်ပါတယ်။ Negative Rights၊ Positive Rights စတဲ့ အခြေခံဘဝလုံခြုံမှုတွေ၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးတွေရှိရမှာဖြစ်ပါတယ်။ ချိုးဖောက်

ခြင်းမခံရဖို့ အလွန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးဆိုတဲ့ဝေါဟာရကို တွင်တွင်ကျယ်ကျယ်သုံးနေတာ ကြာပါပြီ။ ဥပဒေစိုးမိုးရေး Rule of Law မျိုးမဟုတ်ဘဲ ဥပဒေနှင့် အုပ်ချုပ်တဲ့သဘော Rule by Law သာဖြစ်နေတယ်လို့ ဆိုနေကြပါတယ်။ ဥပဒေကိုခုတုံးလုပ်ပြီး အတင်းအကျပ်ဖန်တီးခြင်း၊ လုပ်သမျှဟာ ဥပဒေဖြစ်တယ်ဆိုတဲ့သဘောနဲ့ ဆောင်ရွက်ခြင်းများလည်း အောက်ခြေမှာရှိနေသလို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲက ဥပဒေအထက်မှာ ဘယ်သူမှမရှိဘူးဆိုတဲ့ မိန့်မှာစကားအတိုင်းပဲ ဆောင်ရွက်နေကြခြင်းများလည်း ရှိပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်း(၁) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အစိုးရ၏လက်နက်ကိရိယာတစ်ခု သို့မဟုတ် သီးခြားလွတ်လပ်တဲ့အဖွဲ့တစ်ခုဖြစ်ကြောင်း သိရှိလိုပါ၍ ဖြေကြားပေးပါရန်၊ မေးခွန်း(၂) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ဆောင်ရွက်မှု အကျဉ်းချုပ်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။ အချိန်ပေးဖြေကြားနိုင်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ သီးခြားလွတ်လပ်တဲ့အဖွဲ့တစ်ခုဖြစ်ကြောင်း ဟုတ်/မဟုတ်သိရှိလိုတဲ့အကြောင်း ဦးကျော်ဝင်း၊ ကန်ကြီးထောင့်မဲဆန္ဒနယ် ဧရာဝတီတိုင်းမှ ကိုယ်စားလှယ်က မေးမြန်းလာတဲ့ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ချက်အပါအဝင် ရည်ရွယ်ချက် ၄ ရပ်ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၈-၃-၂၀၁၄ ရက်နေ့စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁)ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းသည့်ကော်မရှင်လောင်းစိစစ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်း ၃၀ ဦးကို ၎င်း၏လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ပြီးနောက် နိုင်ငံတော်သမ္မတထံ တင်ပြရပါသည်။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်

ညှိနှိုင်းကာ လက်ရှိကော်မရှင်အဖွဲ့ဝင် ၁၁ ဦးကို ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ကော်မရှင်အဖွဲ့ဝင်များကို ဥပဒေနှင့်အညီရွေးချယ်၍ ကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ကော်မရှင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ပြီး ကော်မရှင်ဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောငွေကြေးကို နိုင်ငံတော်က ထောက်ပံ့ရမည်ဖြစ်ကြောင်းကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁) ပုဒ်မ ၄၆ တွင်ဖော်ပြပါရှိပါသည်။

သို့ဖြစ်ရာ ကော်မရှင်သည် နိုင်ငံတော်၏ငွေကြေးထောက်ပံ့မှုဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ကော်မရှင်သည် မိမိ၏လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိကြောင်းကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁)၏ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)တွင် အတိအလင်းဖော်ပြပါရှိပါသည်။ ထို့အပြင် ကော်မရှင်၏အစီရင်ခံစာတင်သွင်းမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၁ ပုဒ်မခွဲ(ထ)တွင် နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သင့်လျော်သည့်အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်သည့်အားလျော်စွာ အထက်ဖော်ပြပါဥပဒေပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ နိုင်ငံတော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ဖွဲ့စည်းပေးပြီး နိုင်ငံတော်၏ဘဏ္ဍာငွေပံ့ပိုးမှုဖြင့် လွတ်လပ်စွာဆောင်ရွက်သည့်အဖွဲ့အစည်း တစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် ယင်းကဲ့သို့ဖွဲ့စည်းဆောင်ရွက်ခြင်းမှာ ကုလသမဂ္ဂကပြဋ္ဌာန်းပေးထားသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံမူများ၊ ပါတီအခြေခံမူများနှင့် ကိုက်ညီမှုရှိသည့်မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ အခြားသောနိုင်ငံများရှိ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များသည်လည်း အလားတူ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အချို့နိုင်ငံများမှာ အမျိုးသားကော်မရှင်အဖွဲ့အစည်းများသည် ၎င်းတို့အဖွဲ့အစည်းများကို နိုင်ငံတော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖွဲ့စည်းပေးပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေပံ့ပိုးမှုဖြင့် လွတ်လပ်စွာဆောင်ရွက်သည့် နိုင်ငံတော်အဖွဲ့အစည်းဟူ၍ ခေါ်ဆိုပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်မှုအကျဉ်းကိုလည်းပဲ အောက်ပါအတိုင်း တင်ပြလိုပါသည်။ ကုလသမဂ္ဂက ချမှတ်ထားတဲ့ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံမူများ၊ ပါတီအခြေခံမူများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားကြသည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်အသီးသီးတို့ရဲ့ အဓိကလုပ်ငန်းတာဝန်သုံးရပ်မှာ (က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် (ခ)လူ့အခွင့်အရေးကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်နှင့် (ဂ) အဆိုပါလူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရာတွင် အခြားသောအမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ပင် ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁)ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ ရုံးက ၂၄-၉-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ်(၂၃/၂၀၁၄)ဖြင့် ဖွဲ့စည်းပေးခဲ့သည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ သက်တမ်းသည် ရက်ပိုင်းမျှသာရှိပါသေးသည်။ သို့သော်လည်း အထက်ဖော်ပြပါကော်မရှင်သစ်ဖွဲ့စည်းခြင်းကြောင့် အမိန့်အမှတ်(၂၃/၂၀၁၄)အရ ဖျက်သိမ်းခဲ့သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုမူ ၅-၉-၂၀၁၁ ရက်စွဲပါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် ဖွဲ့စည်းတည်ထောင်ပေးခဲ့သဖြင့် ၃ နှစ်ကျော်မျှတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ယင်းကဲ့သို့ တာဝန်ထမ်းဆောင်ကာလအတွင်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်အသီးသီး၏ အဓိကလုပ်ငန်း၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ လူ့အခွင့်အရေး ကာကွယ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည့် သာဓကများရှိပါတယ်။ အဆိုပါဆောင်ရွက်ချက်များနှင့် အချို့ကို အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြအပ်ပါတယ်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို မြှင့်တင်ခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်နေသည့်အနေဖြင့် နိုင်ငံသားများထံမှ ၎င်းတို့၏ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း တိုင်တန်းချက်များကို လက်ခံ၍စိစစ်ပြီး ကော်မတီရှင်၏အကြံပြုထောက်ခံချက်များနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားများ၏အလေးထား၊ အားကိုးယုံကြည်မှုကို အထိုက်အလျောက်ရရှိခဲ့ခြင်း၊ (ခ) နိုင်ငံသားများ၏မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လူ့ အခွင့်အရေးဖောက်ဖျက်မှုများဖြစ်ပွားသည့်နေရာဒေသများသို့ ၁၉ ကြိမ်ကွင်းဆင်းစစ်ဆေးခဲ့ခြင်း၊ ထို့အပြင် အကျဉ်းထောင်၊

အကျဉ်းစခန်းများသို့ ၁၀ ကြိမ်သွားရောက်စစ်ဆေးခဲ့ခြင်း၊ (ဂ) မြန်မာနိုင်ငံသည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်ရေးကို အလေးထားကြောင်း သာဓကအနေဖြင့် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က လွတ်လပ်မှုကို အခြေခံ၍ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ရာ စတင်ဖွဲ့စည်းသည်မှ ယနေ့အထိ ထုတ်ပြန်ချက်ပေါင်း ၂၁ ရပ်ကို ထုတ်ပြန်ခဲ့ခြင်း၊ (ဃ) တစ်ကမ္ဘာလုံးက အလေးထား၍ မိမိတို့ဘာသာစကားအသီးသီးဖြင့် ပြန်ဆိုထုတ်ပြန်ခဲ့ကြသည့် ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်းကို ကော်မရှင်အဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ ဗဟုသုတကို အခြေခံပြီး တိကျရှင်းလင်းစွာ မြန်မာဘာသာပြန်ဆို၍ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ခြင်း၊ (င) တာဝန်နှင့် လုပ်ပိုင် ခွင့်များတွင် သတ်မှတ်ပါရှိချက်နှင့်အညီ ကော်မရှင်သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူ့အခွင့် အရေးနှင့်စပ်လျဉ်းသည့် ဒေသဆိုင်ရာနှင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့အစည်း Forum ၏ တင်းပြည့်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့် အရေးအဖွဲ့အစည်းများ Forum ၏ တွဲဖက်အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့်ရနေပြီ ဖြစ်ပါကြောင်း၊ (စ) လူ့အခွင့်အရေးနှင့်ဘာသာရေးလွတ်လပ်ခွင့်တို့ကို ပြည်သူများအားအသိပေးရန် ကော်မရှင်သည် သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်၍ အသိပညာပေးဟောပြောခြင်းနှင့် အရပ် ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ လူ့အခွင့်အရေးအကြောင်း ဟောပြောဆွေးနွေးခြင်းတို့ကို စုစု ပေါင်း ၄၇ ကြိမ် ဆောင်ရွက်ခဲ့ခြင်း၊ (ဆ) ကုလသမဂ္ဂက ချမှတ်ပြဋ္ဌာန်းခဲ့သော နိုင်ငံတကာလူ့ အခွင့်အရေးစာချုပ်များအနက် အဓိကကျသော လူ့အခွင့်အရေးစာချုပ်များကို နိုင်ငံ့ဝန်ထမ်းများ ပိုမို သိရှိနားလည်စေရန်အတွက် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများအား ဖိတ်ကြား၍ အလုပ်ရုံဆွေးနွေးပွဲပေါင်း ၁၅ ကြိမ် ကျင်းပခဲ့ခြင်း၊ (ဇ)ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်း များသည် အရှေ့တောင်အာရှဒေသအတွင်း ကျင်းပခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံဆွေးနေးပွဲ ပေါင်း ၅၀ ကျော်တို့ ပါဝင်တက်ရောက်ခဲ့ခြင်း၊ (ဈ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များသည် ပြည်နယ်ခုနစ်ခုသို့သွားရောက်၍ နိုင်ငံဝန်ထမ်းများအတွက် လူ့အခွင့်အရေး ဘာသာရပ် အလုပ်ရုံသင်တန်းကျင်းပရန်စီစဉ်ထားခဲ့ရာ မွန်ပြည်နယ်နှင့်ကယားပြည်နယ်တို့သို့ သွားရောက်ကျင်းပခဲ့ပြီးဖြစ်ခြင်း၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်သို့သွားရောက်၍ အလုပ်ရုံသင်တန်းကျင်းပရန်ရှိခြင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါတို့ကို ဆက်လက်ဆောင်ရွက်သွားရန် ရှိပါသည်။

**မူကြမ်း**

(က) ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကိုဆောင်ရွက်ရာတွင် မဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ရာ ၎င်းစီမံချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ရှိခြင်း၊ (ခ) ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်ထားရှိသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာနိုင်ငံတကာညှိနှိုင်းရေးကော်မတီ(International Coordination Committee for National Human Right Institution) တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ခြင်း၊ (ဂ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် ဒုတိယအကျော့လုပ်ငန်း စဉ်( Second Cycle of Universal Period Review) တွင် မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ သုံးသပ်ခံရန်ရှိရာ ယင်းလုပ်ငန်းစဉ်အတွက် အကောင်အထည်ဖော်ခြင်း၊ အစီရင်ခံစာ ညှိနှိုင်းပြုစုခြင်းနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ သွားရောက်ဖြေဆိုခြင်းတို့ကို အစိုးရပိုင်းမှဆောင်ရွက်ရာတွင် မိမိတို့ကော်မရှင်ကပံ့ပိုးကူညီခြင်းနှင့် ကော်မရှင်၏ သီးခြားအစီရင်ခံစာ ပြုစုတင်သွင်းခြင်းတို့ ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ။ ရှင်းပြသွားတဲ့အပေါ်မှာ အလုပ်ရုံဆွေးနွေးပွဲတို့၊ သတင်းစာရှင်းလင်းပွဲ စသဖြင့် ဆောင်ရွက်နေတာကို သိရှိရပါတယ်။ ဒါပေမယ့် ၂၆-၉-၂၀၁၄(သောကြာနေ့)ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာမှာ လူ့အခွင့်အရေးကော်မရှင် ပြည်သူ့ဘက်တော်သားအဖြစ် ရပ်တည်ခြင်းမရှိဟု ဖော်ပြသလို ကော်မရှင်အနေနဲ့လည်း ပြည်သူ့ဘက်က ရပ်တည်နေခဲ့ကြောင်းကို ပြောကြားခဲ့တဲ့ စွပ်စွဲတုန့်ပြန်မှုတွေ ရှိခဲ့ပါတယ်။ ၃၀-၉-၂၀၁၄ ရက်နေ့ထုတ် ဒီမိုကရေစီဂျာနယ်မှာဆိုရင်လည်း ပြည်သူ့ဘက်တော်သား သွားထက်တဲ့ကျားအဖြစ် လူ့အခွင့်အရေးကော်မရှင်ကို ရပ်တည်စေလိုစသဖြင့် ဖော်ပြမှုတွေရှိပါတယ်။ ၆၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ နိုင်ငံခြားရေးဝန်ကြီး စက်တင်ဘာလ ၂၉ ရက် အထွေထွေမူဝါဒရေးရာမိန့်ခွန်းပြောကြားစဉ်မှာလည်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ပတ်သက်တဲ့ အဓိကစိုးရိမ်မှုများကို ပယ်ပျောက်နိုင်ရေးအတွက် ကျယ်ပြန့်သောအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံလူ့အခွင့်အရေး ကုလသမဂ္ဂမှာ ရပ်ဖို့စောသေးကြောင်း စသဖြင့် အကြောင်းအရာတွေကို သိရှိရပါတယ်။ ပြည်တွင်းမှာလည်း Social Media မှာ ရှုထောင့်အမျိုးမျိုးကနေ အမြင်အမျိုးမျိုးနဲ့ မြင်နေကြတာရှိပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ အခါ

အားလျော်စွာ သတင်းစာရှင်းလင်းပွဲတွေ၊ သတင်းထုတ်ပြန်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ယခုထက် ပိုပြီးဆောင်ရွက်ပေးနိုင်စေရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ တင်ပြတောင်းဆို အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းတာလား။ တောင်းဆိုတာလား။ ဘယ်လိုပဲဖြစ်ဖြစ်။ လူ့အခွင့်အရေး ကော်မရှင်အနေနဲ့ အခုတင်ပြမေးမြန်းတဲ့ကိစ္စအပေါ် မူတည်ပြီးတော့ ဖြေကြားပေးနိုင်ရင် ပြန်လည် ဖြေကြားပေးစေလိုပါတယ်။

**ဦးဝင်းမြ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ သတင်းစာများမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးဖော်ပြရေးနှင့် ပတ်သက်၍ စိတ်ပါဝင်စားစွာမေးမြန်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ လူ့အခွင့်အရေးကော်မရှင်အနေနဲ့ များစွာပဲကျေးဇူးတင်ရှိတယ်ဆိုတဲ့အကြောင်းကို ဦးစွာပြောကြားလို ပါတယ်။ လူ့အခွင့်အရေးကော်မရှင်ရဲ့တာဝန်တစ်ရပ်သာ ဆိုလို့ရှိရင်လည်းပဲ မိမိတို့ဆောင်ရွက်ချက် များကို လွတ်လပ်စွာဆောင်ရွက်ချက်များကို ပြည်သူလူထုကို မူတည်တဲ့အခါမှာ အစဉ်အမြဲ အသိပေး ဖို့လိုအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အခု လူ့အခွင့်အရေးကော်မရှင်ကို လွန်ခဲ့တဲ့ သုံးနှစ် ဖွဲ့စည်းခဲ့ပြီးတဲ့အချိန်ကစပြီးတော့လည်း အခါအားလျော်စွာ သတင်းများကို ထုတ်ပြန်ကြေညာ ခဲ့သလို ကျွန်တော်တို့လူ့အခွင့်အရေးကော်မရှင်နဲ့ စုံစမ်းစစ်ဆေးရေးများ သွားရောက်ပြုလုပ်တဲ့အခါ မှာလည်းပဲ မိမိတို့စုံစမ်းတွေ့ရှိချက်များကို သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ရာမှာ ၂၁ ကြိမ် ကျွန်တော်တို့ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်းကိုလည်း တင်ပြခဲ့ပါတယ်။ အဲ့ဒီလို တင်ပြတဲ့နေရာမှာ ကျွန်တော်တို့ပေါ့နော်။ ပဋိပက္ခဖြစ်နေတဲ့ ကချင်ပြည်နယ်လိုကိစ္စမျိုးဖြစ်မယ်။ ချင်းပြည်နယ်ကိစ္စ ဖြစ်မယ်။ ရခိုင်ပြည်နယ်ကိစ္စဖြစ်မယ်။ လက်ပံတောင်းတောင်ကိစ္စဖြစ်မယ် စသည်ဖြင့်ပေါ့နော်။ သွားရောက်တဲ့အခါမှာ မိမိတို့ရဲ့စုံစမ်းတွေ့ရှိချက်များကို သတင်းထုတ်ပြန်ချက်အနေနဲ့ ထုတ်ပြန်ချက် များရှိခဲ့ပါတယ်။ ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကနေပြီးတော့ သတင်းစာ ရှင်းလင်းပွဲများကို၊ သတင်းထုတ်ပြန်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးဖို့ တင်ပြလာခြင်းနှင့် ပတ်သက်လို့ ကျွန်တော်တို့ လူ့အခွင့်အရေးကော်မရှင်အနေနဲ့လည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကိုလေးစားစွာဖြင့် ပြန်ကြားအပ်ပါတယ်။

**မော်တော်ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးသကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော့်အနေဖြင့် ကျေးလက်နေ ပြည်သူများနှင့် တောင်သူလယ်သမားများရဲ့ ဆန္ဒနှင့်အညီမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ မော်တော်ဆိုင်ကယ်လိုင်စင်တွေ ပြုလုပ်ခြင်းကို ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဆိုင်ကယ်လိုင်စင်မလုပ်ရသေးတဲ့လူတွေ အများအပြားကျန်ရှိပါတယ်။ ကျန်ရှိနေတဲ့လူတွေကိုကြည့် မယ်ဆိုလို့ရှိရင်လည်း ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားအများစု ဖြစ်ပါတယ်။ ကျန်ရှိရတဲ့အကြောင်းအရင်းကတော့ မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်ရာမှာ ခရိုင်မြို့ကြီးများတွင် သာပြုလုပ်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေပြည်သူများအနေဖြင့် မြို့များမှတစ်ဆင့် တစ်ခါ ခရိုင်မြို့များသို့ သွားရောက်ပြီးတော့ ဆိုင်ကယ်လိုင်စင်ပြုလုပ်ရပါတယ်။ အဲ့ဒီလိုပြုလုပ်တဲ့ နေရာမှာ အခန့်မသင့်ပါက ညအိပ်ညနေပြုလုပ်ရတာရှိပါတယ်။ ဒါကြောင့်မို့လို့ မလိုလားအပ်တဲ့ စရိတ်တွေ၊ အပိုကုန်ကျမှုတွေဖြစ်ပါတယ်။ ဆိုင်ကယ်တစ်စီးရဲ့တန်ဖိုးဟာဆိုလို့ရှိရင် ယခုအခါမှာ တစ်ပတ်နွမ်းကို တစ်သိန်းခွဲ၊ နှစ်သိန်းလောက်နဲ့ဝယ်လို့ရတဲ့အချိန်မှာ စက်ဘီးသာသာဖြစ်တဲ့အတွက် စက်ဘီးနေရာမှာဆိုင်ကယ်ကို အစားထိုးစီးနင်းပါတယ်။ ကျေးလက်နေပြည်သူများအနေဖြင့်လည်း သီးနှံထွက်ကုန်တွေကို မြို့ရွာကိုပို့တဲ့အခါမှာ ဆိုင်ကယ်ဖြင့်အစားထိုးသွားလာခြင်း၊ တစ်ခါ ကျေးလက် လမ်းတွေဟာဆိုလို့ရှိရင် မိုးရာသီမှာပျက်စီးပြီး ထော်လာဂျီတောင် သွားလို့မရတဲ့အတွက် ဆိုင်ကယ်ကို သာလျှင် အသုံးပြုပြီးတော့ သွားလာခြင်းဖြစ်ပါတယ်။ ဒီဆိုင်ကယ်တွေဟာလည်း အိမ်နီးနားချင်းနိုင်ငံ တွေကနေပြီးတော့ တစ်ကူးတက သွားရောက်ဝယ်ယူခြင်းမဟုတ်ဘဲနဲ့ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းသို့ရောက်ရှိနေသော ဆိုင်ကယ် Point များကနေတစ်ဆင့် အလွယ်တကူဝယ်ယူခြင်းဖြစ်ပါ တယ်။ တစ်ခါ ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်တဲ့အခါမှာ မိုးပွင့် (၁)ကနေ (၆)အထိ ဆောင်ရွက်နေပါတယ်။ ဒါပေမယ့်လည်း နိုင်ငံသားမှတ်ပုံတင်တွေ မလုပ်ရသေးတဲ့သူတွေ အများကြီးကျန်ရှိပါတယ်။ ဒီလိုပဲ ဆိုင်ကယ်လိုင်စင်မလုပ်ရသေးတဲ့လူတွေလည်း အများကြီးရှိတဲ့ အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါအတိုင်းမေးမြန်းအပ်ပါတယ်။

**မူကြမ်း**

မော်တော်ဆိုင်ကယ်ကို လိုင်စင်ပြုလုပ်ရာတွင် အဆင့်လိုက်စီမံချက်များချမှတ်ပြီးတော့ မြို့နယ်များအထိ သွားရောက်ပြုလုပ်ပေးရန်အစီအစဉ်ရှိပါသလား။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ အစီအစဉ်ရှိပါက ဘယ်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ တရားမဝင်ရောက်ရှိနေတဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တွေကို ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး One Stop Service စနစ်နဲ့ ၁၉၉၉ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ (၈)ကြိမ်ဆောင်ရွက်ခဲ့ပြီးတော့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၈၃၃၃၀၉ စီး မှတ်ပုံတင်ပေးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ကစပြီးတော့ ဇူလိုင်လ ၄ ရက်နေ့အထိ နောက်ဆုံး အကြိမ်သတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးခဲ့ရာမှာ မော်တော်ဆိုင်ကယ် ၄၅၁၆၀၈ စီး မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ တောင်ငူခရိုင်မှာ ၁၀၂၅၉ စီး မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်မှာ တောင်ငူမြို့နယ်၊ ဖြူးမြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ် စုစုပေါင်း မြို့နယ်ခြောက်ခုနဲ့ ဖွဲ့စည်းထားပါတယ်။ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ခရိုင်ရုံး(တောင်ငူ)မှာ ဝန်ထမ်းအင်အား အရာထမ်း ၁ ဦး၊ အမှုထမ်း ၂၀ ဦး စုစုပေါင်း ၂၁ ဦးနဲ့ မှတ်ပုံတင်ယာဉ်စီးရေ ၇၇၇၀၂ စီးနှင့် ယာဉ်မောင်းလိုင်စင် ၄၆၂၄၈ စောင်တို့နဲ့ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ၊ ယာဉ်မောင်းလိုင်စင်မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်မှာ One Stop Service ဆောင်ရွက်ခဲ့တဲ့ကာလအတွင်း တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်က ခရီးအကွာအဝေး ၉ မိုင်ခန့်သာကွာဝေးတဲ့အတွက်ကြောင့် အုတ်တွင်းမြို့နယ်ကို တော့ နယ်လှည့်ဆောင်ရွက်ပေးခဲ့ခြင်းမရှိသော်လည်းပဲ ကျောက်ကြီးမြို့နယ်ကို နှစ်ကြိမ်၊ ရေတာရှည်၊ ဖြူး၊ ရေနီမြို့နယ်တို့ကို တစ်ကြိမ်စီ နယ်လှည့်ဆောင်ရွက်ပြီးတော့ မှတ်ပုံတင်မော်တော်ဆိုင်ကယ် ၁၆၆၇ စီးကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ စီမံချက်ကာလပြီးဆုံးပြီးတော့ ကျန်ရှိနေတဲ့ မှတ်ပုံ တင်မဲ့မော်တော်ဆိုင်ကယ်တွေ၊ တရားမဝင်ထပ်မံဝင်ရောက်လာတဲ့ မော်တော်ဆိုင်ကယ်တွေကို စိစစ် ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုက်ရိုက် တာဝန်ယူကြီးကြပ်သွားမှာဖြစ်ပြီးတော့ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်အဖြစ် စိစစ်တွေ့ရှိ ပါက ဒေသပေါက်ဈေးရဲ့ ၅၀ ရာခိုင်နှုန်း ဒါမှမဟုတ် ၎င်းတန်ဖိုးထက်မနည်းတဲ့ဒဏ်ကြေးကို သက်ဆိုင် ရာအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ သတ်မှတ်ကောက်ခံရေး ဆောင်ရွက်မှာဖြစ်ပါတယ်။ သတ်မှတ်ဒဏ် ကြေး ပေးသွင်းလို့ရှိရင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများမှာ မှတ်ပုံတင်ဆောင်ရွက် ပေးသွာမှာဖြစ်ပြီးတော့ သတ်မှတ်ဒဏ်ကြေးပေးသွင်းမှုမပြုပါက လိုင်စင်မဲ့မော်တော် ဆိုင်ကယ်များ သိမ်းဆည်း၍ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်တဲ့အခြေအနေရှိတဲ့ မော်တော်ဆိုင်ကယ်တွေကို တော့ လေလံစနစ်နဲ့ ရောင်းချသွားမှာဖြစ်ပါတယ်။ အဆိုပါမော်တော်ဆိုင်ကယ်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းသာ နယ်မြေကန့်သတ်ချက်နဲ့ မှတ်ပုံတင်ခွင့်ပြုမှာဖြစ်ပြီး ဒေသ အလိုက် သီးခြားမော်တော်ဆိုင်ကယ်အမှတ်များ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ အများသိရန်အတွက် သတင်းစာများမှာ အသိပေးကြော်ငြာထားပြီးဖြစ်ပါတယ်။ လိုင်စင်မဲ့ဆိုင်ကယ် ပိုင်ရှင်က ၎င်းကိုယ်တိုင်မှတ်ပုံတင်ရန်အတွက် စိစစ်ခံလို့ရှိရင်လည်း ဒဏ်ကြေးငွေပေးသွင်းပြီးပါက အခုနက တင်ပြခဲ့တဲ့အတိုင်း မော်တော်ဆိုင်ကယ်ကို မှတ်ပုံတင်ပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်အတွင်း One Stop Service ပြုလုပ်ပေးခြင်းဟာ နောက်ဆုံးအကြိမ်အဖြစ် ပြုလုပ်ပေး ခြင်းဖြစ်ပြီးတော့ နိုင်ငံသားမှတ်ပုံတင် ပြုလုပ်ဆောင်ရွက်ခြင်းကဲ့သို့ အဆင့်လိုက် စီမံချက် ချမှတ်၍ သက်ဆိုင်ရာဒေသအလိုက် မြို့နယ်များအထိ အချိန်ကာလသတ်မှတ်ပြီးတော့ ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်မရှိတော့ပါကြောင်း၊ သို့သော်လည်း မှတ်ပုံတင်မဲ့မော်တော် ဆိုင်ကယ်များ မှတ်ပုံတင်ပေးမှု ရပ်ဆိုင်းခြင်းမဟုတ်ပါကြောင်း၊ စီမံချက်ကာလပြီးဆုံးသွားပြီဖြစ်၍ တည်ဆဲဥပဒေကို လေးစားလိုက်နာစေရန်နှင့် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်နိုင် ရေးအတွက် တင်ပြခဲ့တဲ့အတိုင်း အရေးယူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ

တယ်။ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းရဲ့အလားတူမေးခွန်းကိုလည်း ၁၆-၉-၂၀၁၄ ရက်နေ့မှာပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့မှာလည်းကောင်း၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ အလားတူမေးခွန်းကို ၂၉-၉-၂၀၁၄ ရက်နေ့မှာပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာလည်းကောင်း ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း ထပ်မံရှင်းလင်းဖြေကြားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)နှင့်အညီ ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ သတ်မှတ်တဲ့ဒဏ်ကြေးဆောင်ပြီးလို့ရှိရင်တော့ လိုင်စင်ပြန်ပြီးတော့ လုပ်ပေးမယ်လို့ သိရှိရပါတယ်။ ကျွန်တော်တို့မြို့နယ်တွေမှာ တစ်စုတစ်စည်းထဲစုပြီး သတ်မှတ်ထားတဲ့အရေအတွက်ရပြီ၊ သတ်မှတ်ထားတဲ့ဒဏ်ကြေးလည်းဆောင်ပြီဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးတွေမှတစ်ဆင့် အပ်နှံပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ လာရောက်ဆောင်ရွက်ပေးရန်ရော အစီအစဉ်ရှိပါသလားဆိုတာ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ပိုင်ရှင်များအနေနဲ့ သက်ဆိုင်ရာမြို့နယ်များမှာ ကျွန်တော်တို့အနေနဲ့ နယ်လှည့်မှတ်ပုံတင် ဆောင်ရွက်ပေးမယ့်အခြေအနေများကို ကျွန်တော် တင်ပြသွားပါ့မယ်။ ကညနရုံးရှိတဲ့မြို့တွေမှာ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းအသစ်ပြုလုပ်ခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရန်အတွက် ကညနရုံးတွေက နှစ်စဉ်နှစ်စဉ် လအလိုက် သတ်မှတ်ပြီးတော့ နယ်လှည့်ဆောင်ရွက်ပေးမှုများရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်စဉ်မှာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများက သတ်မှတ်ထားတဲ့ ဒဏ်ကြေးဆောင်ထားပြီးတဲ့ ဆိုင်ကယ်တွေရှိခဲ့လို့ရှိရင်လည်း သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ OSS နဲ့ လိုင်စင်မဲ့ဆိုင်ကယ်တွေ မှတ်ပုံတင်ပေးစဉ်က သာမန်အားဖြင့် ကညနရုံးဖွင့်ထားတဲ့ခရိုင်၊ မြို့ကို အခြေပြုပြီးတော့ မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့သော်လည်းပဲ ထူးခြားတဲ့ အခြေအနေအရ မှတ်ပုံတင်ဆိုင်ကယ်အများအပြားရှိတဲ့မြို့တွေကို ဒေသအုပ်ချုပ်ရေးအဖွဲ့များရဲ့ စီစဉ်ပေးမှုနဲ့ ကညနရုံးတွေက နယ်လှည့်မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုကိစ္စမှာ

လည်း ဒေသအုပ်ချုပ်ရေးအဖွဲ့များရဲ့ စီစဉ်မှုအရ လိုအပ်ချက်နှင့်အညီ နယ်လှည့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကာကွယ်ဆေးများ ဈေးနှုန်းကွာခြားနေမှုအပေါ် မည်ကဲ့သို့ထိန်းချုပ်မည်နှင့် မွေးလူနာနှင့် မွေးကင်းစကလေးများအား မည်သည့်ကာကွယ်ဆေးများ အခမဲ့ထိုးပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးကိုမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ယခုအခါမှာ မြန်မာနိုင်ငံရဲ့ ထက်ဝက်ခန့်ရှိတဲ့ မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးများနှင့် ပတ်သက်ပြီး မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းတစ်ခုကတော့ ကျွန်မတာမွေမြို့နယ်မှာ ဖြိုးစေတနာအခမဲ့ဆေးခန်းများ ဖွင့်လှစ်ထားပါတယ်။ ဒီဆေးခန်းများမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများ လာရောက်ပြီးတော့ အကူအညီတောင်းတဲ့အခါမှာ ကျွန်မတို့ဟာ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ မွေးဖွားခွင့်များရရှိအောင် လစဉ်အလိုက်ထောက်ပံ့ကြေးများ၊ ဖြည့်စွက်အာဟာရများ ကျွန်မတို့ကိုယ်တိုင် စီစဉ်ဆောင်ရွက်ပြီးတော့ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ကျွန်မတို့နှင့်အတူမွေးဖွားတဲ့ မြန်မာအမျိုးသမီးများဟာ မွေးဖွားရအလွန်ဆင်းရဲတဲ့အမျိုးသမီးများဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားတဲ့ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ မွေးပြီးတဲ့အခါမှာ တစ်လ၊ နှစ်လ၊ သုံးလ၊ ခြောက်လ၊ တစ်နှစ်အတွင်း၊ တစ်နှစ်ကျော်အတွင်းမှာ ကာကွယ်ဆေးများ အခမဲ့ထိုးခွင့်ရရှိခဲ့ကြပါတယ်။ သို့သော် ကျွန်မရဲ့ပတ်ဝန်းကျင်မှာရှိသော ငွေကြေးချမ်းသာတဲ့မိသားစုများမှာရှိတဲ့ အမျိုးသမီးများ၊ ပုဂ္ဂလိကဆေးရုံကြီးများမှာ မွေးဖွားတဲ့အခါမှာ ကျပ် ၁၀ သိန်းခန့်ကုန်ကျပါတယ်။ ထို့နောက် ကလေးဆရာဝန်ကြီးရဲ့ ညွှန်ကြားချက်အတိုင်း ပုဂ္ဂလိကဆေးရုံကြီးများမှာ ကျွန်မတို့မြန်မာအမျိုးသမီးများ လအလိုက်ကာကွယ်ဆေးများထိုးတဲ့အခါမှာ ၃၀၀၀၀၊ ၉၀၀၀၀၊ ၁၂၀၀၀၀ အစရှိသဖြင့် ငွေကြေးတော်တော်များများ အကုန်အကျခံပြီး မွေးကင်းစကလေးများကို ကာကွယ်ဆေးများထိုးနေတာကိုတွေ့ရှိရပါတယ်။ ဒီအချင်းအရာကို ကျွန်မအနေနဲ့ လေ့လာကြည့်တဲ့အခါမှာ

ဆေးများတူပါတယ်။ သို့သော် ပုဂ္ဂလိကဆေးရုံကြီးများ ကွာခြားမှုနှင့်အတူ ကလေးဆရာဝန်ကြီးများရဲ့ ကောက်ခံတဲ့၊ ကာကွယ်ဆေးထိုးတဲ့နှုန်းဟာ မြင့်မားနေတာကို တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်း ဖြစ်ပေါ် လာရခြင်း ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ အမျိုးသမီးများနဲ့ ကလေးများအတွက် ကာကွယ်ဆေးများထွက်ပေါ်လာခဲ့ပါတယ်။ ဥပမာ-အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး၊ သန္ဓေတားဆေး၊ လူတိုင်းအတွက်တုပ်ကွေးရောဂါကာကွယ်ဆေးများအပြင် ကလေးသူငယ်များအတွက် တီဘီ၊ ဘီပိုး၊ ပိုလီယိုဦးနှောက်အမြှေးရောင်၊ ဝက်သက်၊ ဆုန်ဆို့၊ ကြက်ညှာ၊ ကျောက်ရောဂါအစရှိတဲ့ ကာကွယ်ဆေး ဆေးမျိုးစုံထွက်ပေါ်လျက်ရှိပြီးတော့ ကလေးများအတွက်လည်း ကာကွယ်ဆေးများ ထိုးရမယ်ဆိုတဲ့အနေအထား ထိုးပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ထိုကာကွယ်ဆေးများသည် အမှန်တကယ် နိုင်ငံတကာမှ အာနိသင်ရှိပြီး ကလေးများအတွက်၊ အမျိုးသမီးများအတွက် ကျန်းမာရေးကို အထောက်အကူဖြစ်စေသော ဆေးဝါးများအဖြစ် အသိအမှတ်ပြုပြီး မြန်မာနိုင်ငံအတွင်းမှာ ကျွန်မတို့ ကျန်းမာရေးဦးစီးဌာနကနေ ခွင့်ပြုထားသောဆေးများ ဖြစ်ပါသလား။ ထိုဆေးများသည် အလွန်စျေးကြီးပြီး ဆေးခန်းကြီးများ တစ်ခုနှင့်တစ်ခုဆေးချင်းတူသော်လည်းစျေးချင်းမတူပါ။ တစ်နည်းအားဖြင့် ပုဂ္ဂလိကဆေးရုံအသီးသီးက ကလေးဆရာဝန်ကြီးများက ဆေးဝါးများတူသော်လည်း မိမိကိုယ်တိုင် မိမိကုမ္ပဏီမှသွင်းသော ကလေးကာကွယ်ဆေးများမှာ လွန်စွာစျေးနှုန်းမြင့်မားနေသည့်အပေါ် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ ထိန်းချုပ်တားဆီးနိုင်ပါမည်နည်း။ (၃) မွေးလူနာများနှင့် မွေးကင်းစကလေးများအား နိုင်ငံတော်၏ ဆေးရုံကြီးများမှာ မည်သည့်ကာကွယ်ဆေးများကို အခမဲ့ထိုးပေးနေသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ကျွန်မအနေနဲ့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ၏ မေးခွန်းနှင့်စပ်လျဉ်း၍

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စားကျွန်မ ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီးမှဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပုဂ္ဂလိကဈေးကွက်မှာ ရောင်းချသုံးစွဲလျက်ရှိတဲ့ ကာကွယ်ဆေးများဟာ လူအများနှင့်စမ်းသပ်ပြီး ဘေးကင်းမှုနှင့် အာနိသင်စိတ်ချရမှုအပေါ်မှာ ကာကွယ်ဆေးအဖြစ်အသိအမှတ်ပြုထားပြီး မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ရရှိပြီးမှသာ ပုဂ္ဂလိကဈေးကွက်တွင်ရောင်းချခွင့်ပြုနိုင်ခြင်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်သော ကာကွယ်ဆေးရှစ်မျိုးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် အားလုံးအတွက် အခမဲ့ထိုးနှံပေးလျက်ရှိပါတယ်။ များသောအားဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ကလေးများအတွက်ပုဂ္ဂလိကဈေးကွက်တွင် ရရှိနိုင်သော ကာကွယ်ဆေးများအား ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံသောကာကွယ်ဆေးထိုးအစီအစဉ်တွင် မပါဝင်သော ကာကွယ်ဆေးများဖြစ်ပါတယ်။

ပုဂ္ဂလိကဈေးကွက်မှ ကာကွယ်ဆေးများဟာ ဆေးခန်းတစ်ခုနှင့် တစ်ခု အမြတ်အစွန်းရယူခြင်းအပေါ်မှာမူတည်ပြီးတော့ ဈေးနှုန်းများ ကွာခြားနေကြခြင်း ဖြစ်ပါတယ်။ ထိုကာကွယ်ဆေးများကိုဆရာဝန်များနှင့် ပြည်သူများက သုံးစွဲနေခြင်းဟာ သုံးစွဲသူရဲ့ ရွေးချယ်မှု (Customer's Choice) ဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးနှုန်းအပေါ်မှာတော့ တားမြစ်ထိန်းချုပ်ရန် လောလောဆယ်အစီအစဉ်မရှိပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနကထိုးနှံပေးတဲ့ ကာကွယ်ဆေးရှစ်မျိုးကိုတော့ အားလုံးအတွက် အခမဲ့ထိုးနှံပေးလျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ ဆေးရုံကြီးများနှင့် မြို့နယ်/တိုက်နယ်ဆေးရုံများမှာ မွေးကင်းစကလေးများအားလုံးကို အသည်းရောင်အသားဝါ(ဘီ) ရောဂါကာကွယ်ဆေး(မွေးကင်းစ)အား မွေးဖွားပြီးစမှ ခုနစ်ရက်အတွင်းမှာလည်းကောင်း၊ ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ်ဆေး(မွေးကင်းစ)အပြင် ဘီစီဂျီ(ပြင်းထန်တီဘီရောဂါကာကွယ်ဆေး) အား အခမဲ့ထိုးနှံပေးလျက်ရှိပါကြောင်းနှင့် ကျန်းမာရေးဌာနအားလုံးမှာ ကိုယ်ဝန်ဆောင်မိခင်များကို မေးခိုင်ရောဂါကာကွယ်ဆေး ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်းမှာ နှစ်ကြိမ် အခမဲ့ ထိုးနှံပေးလျက်ရှိပါကြောင်းဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အခုလိုဖြေကြားပေးတဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ကျွန်မတို့ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ကျွန်မတို့ အမျိုးသမီးများအတွက် အဓိက နိုင်ငံတော်ကနေထိုးပေးတာ ဘီပိုးကာကွယ်ဆေးရယ်၊ တီဘီရယ်၊ မေးခိုင်ကာကွယ်ဆေးများကို ထိုးပေးတယ်လို့ ကျွန်မ

တို့သိရှိရပါတယ်။ ဒီ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သို့သော် ကျွန်မတို့ မြန်မာအမျိုးသမီးများဟာ အခုဆိုရင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး၊ သန္ဓေတားဆေးများကို ထိုးတဲ့အခါမှာ နောက်အခုအရမ်းခေတ်ပေါ်ပြီးတော့ ဂျာနယ်များမှာ ထင်ထင်ရှားရှား အကြိမ်ကြိမ်ဖော်ပြထားတဲ့ မြန်မာနိုင်ငံတိုင်းရင်းသား/တိုင်းရင်းသူများအတွက်၊ လူတိုင်းအတွက် တုပ်ကွေးရောဂါကာကွယ်ဆေးများ၊ ဒီတုပ်ကွေးရောဂါကာကွယ်ဆေးများ၊ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများ၊ သန္ဓေတားဆေးများဟာ ကျွန်မတို့ အမျိုးသမီးများအတွက် အလွန်အရေးကြီးပါတယ်။ ဒီဆေးများကို ထိုးသော်လည်းပဲ သားအိမ်ခေါင်းကင်ဆာကာကွယ်နိုင်ခြင်းရှိ/မရှိကိုလည်း သိရှိချင်ပါတယ်။ အချို့ဆိုရင် မရှိဘူး၊ ဒီဥစ္စာလည်း ထိုးပေမယ့်လည်း ဖြစ်ချင်ဖြစ်သွားတာပဲလို့လည်း ကျွန်မတို့ သိရှိရပါတယ်။ နောက်တုပ်ကွေးရောဂါလည်း ဒီအတိုင်းပါပဲရှင့်။ ကျွန်မသိရသလောက် ဆရာဝန်ကြီးများနဲ့ မေးမြန်းတဲ့အခါမှာ အမျိုးသမီးများအတွက် ကာကွယ်ဆေးတော်တော်များများဟာ ဦးနှောက်ကို အရင်သွားပါတယ်လို့ ပြောပါတယ်ရှင့်။ ဒီအတွက် ကျွန်မမြန်မာအမျိုးသမီးများအတွက် အလွန်ပဲစိုးရိမ်လှပါတယ်။ နောက်ကလေးသူငယ်များအတွက် ဦးနှောက်အမြှေးရောင် ဒီဆေးကရော ထိုးသင့်ပါသလား။ ထိုးသင့်တယ်လို့ ထင်ပေမယ့် အာနိသင်ရောရှိရဲ့လားဆိုတာကို ဆက်စပ်မေးခွန်းအဖြစ် လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ ဒီကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် စပြီးတော့ထိုးခဲ့တဲ့အချိန်ကနေပြီးတော့မှ အခုကျွန်မတို့ ၂၀၁၄ ခုနှစ် လက်ရှိ ဒီအောက်တိုဘာလအထိမှာဆိုရင် အရင်တုန်းကထိုးခဲ့တာထက် ပိုပြီးတော့ ဒီကျွန်မတို့ Pentavalent Vaccine ရော၊ နောက်ပြီးတော့ ပိုလီယိုလည်း Inactivated Polio Vaccine ဆိုပြီးတော့ ပါးစပ်ကနေကိုက်တာကနေမှ နောက်ပြီးတော့ ဒီထိုးနှံတဲ့ကိစ္စရပ်များ၊ နောက်ပြီးတော့ ဒီ German Rubella Vaccine ကို ဝက်သက်ကာကွယ်ဆေးနဲ့ ရောပြီးတော့ ထိုးဖို့လို့ကိစ္စတွေရော၊ ကျွန်မတို့ အလားတူပေါ့နော်။ ဒီအဓိကအားဖြင့်တော့ ငါးနှစ်အောက်ကလေးများရဲ့ သေဆုံးမှုကျဆင်းမှုကို ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့နိုင်ငံများရော၊ ဒေသတွင်းမှာရှိတဲ့နိုင်ငံများရဲ့ ဆောင်ရွက်နေတဲ့ပုံမှန်ဆေးထိုး အစီအစဉ်များနဲ့ ကျွန်မတို့ဆက်စပ်ညှိနှိုင်းပြီးတော့ အဆင့်လိုက်တိုးချဲ့ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဒီသားအိမ်ခေါင်းကင်ဆာကာကွယ်တဲ့ကိစ္စကလည်း ကျွန်မကိုယ်တိုင်လည်း ဒါကျန်းမာရေးဝန်ထမ်း တစ်ယောက်အနေနဲ့ရော၊ အမျိုးသမီး

တစ်ယောက်အနေနဲ့ရော ဒီကိစ္စကို နှစ်ပေါင်းများစွာတည်းက ဆန္ဒရှိပြီးတော့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် တစ်ခုမှာ ကာကွယ်ဆေးတစ်မျိုးလေးကိုပဲ ထပ်ပြီးတော့ တိုးဖို့လို့စီစဉ်လိုက်တဲ့အခါမှာ ကျွန်မတို့ အဖက်ဖက်ကနေပြီးတော့မှ အားလုံးကိုထည့်သွင်းစဉ်းစားရတဲ့အတွက်ကြောင့်မို့လို့ ဒီဆန္ဒရှိတဲ့ကာကွယ်ဆေးအားလုံးကို တစ်ပြိုင်နက်ထဲမှာ ကျွန်မတို့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးတာ ဖြစ်ပါတယ်။ ဒီငါးနှစ်အောက်ကလေးများအတွက် ဦးစားပေးပြီးတော့ ကျွန်မတို့ထိုးပေးတဲ့ အစီအစဉ်မှာလည်း ကာကွယ်ဆေးတစ်မျိုးထိုးမယ်ဆိုလို့ရှိရင် ဒီကာကွယ်ဆေးရရှိမှုအခြေအနေ၊ ကာကွယ်ဆေးကို အလှူရှင်အဖွဲ့အစည်းများက ပံ့ပိုးမယ့်ကုန်ကျစရိတ်၊ အဲ့ဒီကုန်ကျစရိတ်နဲ့ လိုက်လျောညီထွေစွာ နိုင်ငံတော်ကနေပြီးတော့မှ Co-financing ဆိုပြီးတော့ ထည့်သွင်းရတဲ့ကုန်ကျစရိတ် ဒါတွေအားလုံးကို တွက်ချက်ပြီးလို့ရှိရင် တစ်ချိန်မှာ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ပဲ ဆောင်ရွက်တဲ့အခါမှာလည်း တစ်ခါပုံမှန်အစီအစဉ်ထဲကိုထည့်ပေးတဲ့ ကာကွယ်ဆေးဟာ ကျွန်မတို့ ရပ်ပြီးတော့ ဖြတ်ထားလို့မရပါဘူး။ အဲ့တော့ ရေတိုစီမံချက်၊ နောက်ကာလလတ်၊ ကာလရှည်စီမံချက်တွေအားလုံးကို ဆွဲပြီးတော့မှ ကျွန်မတို့ ဒါသည် ကာကွယ်ဆေးထိုးအစီအစဉ်များကို အဆင့်လိုက် တိုးချဲ့တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ်မှာတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ကျွန်မတို့ ဒီသားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးလို၊ နောက်ပြီးတော့ ဒီတုပ်ကွေးရောဂါကာကွယ်ဆေး၊ တုပ်ကွေးရောဂါကာကွယ်ဆေးဆိုရင်လည်း ကျွန်မတို့ အခြားဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဟိုးကြာလှပြီး ၁၀ စုနှစ်ပေါင်းများစွာတည်းက သုံးပါတယ်။ အဲ့ဒီမှာလည်း တုပ်ကွေးရောဂါပိုးအမျိုးအစား အမျိုးမျိုးနဲ့ ဒီဘက်ကကာကွယ်တဲ့အမျိုးအစားနဲ့က အကန့်အသတ်တွေလည်းရှိပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်မတို့ ဒါကိုလောလောဆယ်မှာတော့ မြန်မာနိုင်ငံရဲ့ ငါးနှစ်အောက်ကလေးသေဆုံးနှုန်းကျဆင်းရေးအတွက်ကို ရည်မှန်းပြီးတော့ တစ်နှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးတဲ့အစီအစဉ်နဲ့ မြန်မာနိုင်ငံရဲ့လူ့မျှော်မှန်းသက်တမ်းကို လျင်မြန်စွာဆောင်ရွက်တဲ့ အခါမှာ ကျွန်မတို့ လောလောဆယ်လက်ရှိတစ်နှစ်အောက်ကလေးများရဲ့ ကာကွယ်ဆေးများကို ဦးစားပေးပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ အချိန်ကာလလိုက်လျောညီထွေစွာ ကျွန်မတို့နိုင်ငံတော်ရဲ့သုံးစွဲနိုင်တဲ့ငွေကြေးအင်အား၊ ဆေးရရှိမှု၊ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အစီအစဉ်များနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ် မှာမူတည်ပြီးတော့ ကျွန်မတို့ တိုးချဲ့ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**မူကြမ်း**

**အခြေခံပညာကျောင်းများ၌ အစားအသောက်အန္တရာယ်ကင်းရေးစီမံချက်အား မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးရဲစိုး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က တော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲစိုးဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ် ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အမျိုးသား ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရာမှာ အခြေခံပညာကျောင်းသား ကျောင်းသူများရဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဟာမရှိမဖြစ်အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါ တယ်ခင်ဗျား။ ကျောင်းသားကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး ပျော်ရွှင်စွာပညာသင်ကြားနိုင်ရေး အတွက် ကျောင်းပတ်ဝန်းကျင်သာယာလှပသန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေးတွေမှာအစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်ခင်ဗျာ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ အခြေခံပညာကျောင်း မုန့်ဈေးတန်းတွေမှာ ရောင်းချတဲ့မုန့်နဲ့ စားသောက်ကုန်တွေကို လေ့လာကြည့်တဲ့အခါမှာတရုတ်နိုင်ငံ ထုတ် မုန့်နဲ့စားသောက်ကုန်တွေဟာ အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံထုတ်စားသောက်ကုန်များက ဒုတိယ အများဆုံး၊ ပြည်တွင်းထုတ်စားသောက်ကုန်များက တတိယနေရာမှာရှိတယ်လို့ လေ့လာသိရှိခဲ့ရပါတယ် ခင်ဗျာ။ အဲဒီစားသောက်ကုန်တွေကို တိကျစွာစစ်ဆေးပြီး ကျောင်းသားကျောင်းသူများစားသုံးရန်မသင့် တဲ့ မုန့်နဲ့စားသောက်ကုန်တွေကိုထိရောက်စွာတားမြစ်သင့်တယ်လို့ ထင်မြင်ယူဆတဲ့အတွက် အခြေခံ ပညာကျောင်းများ၌ အစားအသောက်အန္တရာယ်ကင်းရှင်းရေးစီမံချက်ကို မည်သည့်အချိန်တွင် မည်ကဲ့ သို့အကောင်အထည်ဖော်ဆောင်ရွက်မည်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မည်သည့် ဝန်ကြီးဌာနများမည်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည် တို့ကိုသိရှိလိုပါ သဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲရဲစိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်မဖြေကြားမှာ ဖြစ်ပါ တယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားမှု၊ ဉာဏ်ပညာဖွံ့ဖြိုးမှုနဲ့ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာရေးထိခိုက်မှု အန္တရာယ်မှ ကင်းဝေးပြီးလူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေး အဆင့်မြှင့်ကျောင်း Health Promotion လုပ်ငန်းစဉ် (၉)ရပ်ဖြစ်တဲ့ ကျောင်းကျန်းမာရေးပညာပေး လုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေး ကုသမှုလုပ်ငန်း၊ကျောင်းမှ ပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ Health Promotion ရောက်ရှိ ရေးလုပ်ငန်း၊ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနဲ့ လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊ ကာယနှင့် အားကစားလုပ်ငန်း၊ သုတေသနလုပ်ငန်းဆိုပြီး (၉)မျိုးကို ၂၀၀၆ ခုနှစ်မှစပြီးတော့ မြို့နယ်အားလုံးမှာ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရာ ကျောင်းတွင်း အစားအစာအန္တရာယ်ကင်းဝေးရေးလုပ်ငန်းအနေနဲ့ ကျောင်း ဈေးသည်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပညာပေးဟောပြောခြင်း၊ ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးပေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ အခြေခံပညာကျောင်းမုန့်ဈေးတန်း များရှိ ဈေးဆိုင်များမှာ ကျောင်းသူကျောင်းသားများကိုဆွဲဆောင်ရန် ဆိုးဆေးအလွန်အကျွံ အသုံးပြု ထားတဲ့ အစားအသောက်များကို တွေ့ရှိရတဲ့အတွက်ကြောင့် စာသင်ကျောင်း မုန့်ဈေးတန်းအစား အသောက်ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက်အား အထူးစီမံချက်အနေနဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ သတ်မှတ်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ စီမံချက် ဆောင်ရွက်တဲ့ဒေသကတော့ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့ဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီးများ၊ နှီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခဲ့ ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လကစပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်များအတွင်းမှာရှိတဲ့မြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့များက ကွင်းဆင်းပြီးတော့ အခြေခံပညာကျောင်းများမှာ ရောင်းချတဲ့အသင့်

ထုပ်ပိုးပြီး(အမှတ်တံဆိပ်ပါ) အရောင်ပါတဲ့ အစားအသောက်များကို သတ်မှတ်ထားတဲ့အရေအတွက် အတိုင်း နမူနာကောက်ယူမှာဖြစ်ပါတယ်။

ကောက်ယူထားတဲ့အစားအသောက် နမူနာများကိုကျောင်းများအလိုက် သေချာစွာထုပ်ပိုးပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(နေပြည်တော်)၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်)နဲ့ (မန္တလေး)ရုံးများသို့ပို့၍ ဓာတ်ခွဲစစ်ဆေးမှာဖြစ်ပါတယ်။ ဓာတ်ခွဲ စစ်ဆေးတွေ့ရှိချက်များကို တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တို့ကတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးအစိုးရအဖွဲ့များ၊ လူမှုရေးဝန်ကြီးများနဲ့ အခြား သက်ဆိုင်တဲ့ ဦးစီးဌာနများသို့ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် အကြောင်းကြားလျက်ရှိပါတယ်။

စီမံချက်အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာရေးဦးစီး ဌာနများ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစား အသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူရေးရာဦးစီး ဌာန၊ မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးများနှင့် ကျောင်းကျန်းမာရေးအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံကျောင်းများမှာ အစားအသောက်အန္တရာယ်ကင်းရှင်း ရေး၊ ကျောင်းစားသောက်ဆိုင်များ သန့်ရှင်းပြီးကျန်းမာရေးနှင့် ညီညွတ်စေရန် ကျောင်းအုပ်ကြီး ဦးဆောင်တဲ့ ကျောင်းမုန့်ဈေးဆိုင် ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပြီး နှစ်စဉ်ပညာသင်နှစ် မတိုင်မီ မေလနောက်ဆုံးပတ်မှစတင်၍ စီမံချက်ရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။

စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာန၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ စားသုံးသူကာကွယ် စောင့်ရှောက်ရေးအသင်းအဖွဲ့အစည်းများရဲ့ အကူအညီကိုရယူပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

# အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီးပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယှဉ်ပြိုင်မှုဥပဒေ ကြမ်းကို ၂၈-၇-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေ ကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီ၏အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များနှင့်ပေးပို့လာသော ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ယှဉ်ပြိုင်မှုဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ ၂၉-၅-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၄-၇-၂၀၁၄ ရက်နေ့ အမျိုးသား လွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ယှဉ်ပြိုင်မှုဥပဒေကြမ်းကို အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်း များတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုး စီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့ကို ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိ

သော သဘောတူညီချက်နှင့် အစီအမံများကို ဖယ်ရှားထိန်းချုပ်နိုင်ရန်အတွက် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ယှဉ်ပြိုင်မှုဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၉-၂၀၁၄ ရက်နေ့နှင့် ၂၅-၉-၂၀၁၄ ရက်နေ့တို့တွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်သို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပါ ပြင်ဆင်ရန်တင်ပြချက်များမှာ-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂) ခန်းနှင့် ပုဒ်မပေါင်း(၅၃) ခုရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏အတည်ပြုချက် (၄၇) ချက်ကို သဘောတူ လက်ခံပါသည်။

(၃) ဥပဒေခေါင်းစီးကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသည်။

(၄) အခန်း(၁) အပိုဒ် ၁ အပိုဒ်ခွဲ(က) ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသည်။

(၅) အခန်း(၁) အပိုဒ် ၁ အပိုဒ်ခွဲ(ခ) ရှိ အာဏာတည်ရမည် စကားရပ်ကို အာဏာတည်စေရမည် ဟု ပြင်ဆင်ပါသည်။

(၆) ဤဥပဒေတွင်ပါရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု စကားရပ်များကို ယှဉ်ပြိုင်မှု ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(င) ကို ယှဉ်ပြိုင်မှုဆိုသည်မှာ စျေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား မိမိတို့၏ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ စျေးကွက်ဝေစုနှင့် စျေးကွက် လွှမ်းမိုးနိုင်မှုတို့ကို ပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်ဆောင်ရွက်မှုကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(စ) ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

**မူကြမ်း**

အစီရင်ခံစာ၏ စာမျက်နှာ ၃ ဖြစ်ပါတယ်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ) ရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုကို ထိန်းချုပ်သော ဆောင်ရွက်ချက် စကားရပ်ကို ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက် ဟုပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) ကို စီးပွားရေးလုပ်ငန်းဆိုသည်မှာ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်း စသည့်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) ကို ပယ်ဖျက်ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) ကို အပိုဒ်ခွဲ(ည) အဖြစ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူဆိုသည်မှာ စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်သောပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်သော အဖွဲ့အစည်းလည်း ပါဝင်သည် ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ) ရှိ နေရာဝန်းကျင် စကားရပ်ကို နယ်ပယ်ဟုပြင်ဆင်ပြီး အပိုဒ်ခွဲ(ဍ) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၁၄) အပိုဒ် ၂ အပိုဒ်ခွဲ(တ) နှင့်(ထ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(တ) ကော်မတီဆိုသည်မှာ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကော်မတီကဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မတီ အပါအဝင် အခြားကော်မတီများကို ဆိုသည်။

(ထ) လုပ်ငန်းအဖွဲ့ဆိုသည်မှာ ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့ကို ဆိုသည်။

(၁၅) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ပါသည်။

(၁၆) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ) ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၁၇) အပိုဒ် ၄ အပိုဒ်ခွဲ(ဃ) ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

**မူကြမ်း**

(၁၈) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ) ကို ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေးဟု ပြင်ဆင်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၄ ဖြစ်ပါတယ်။

(၁၉) အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၀) အပိုဒ် ၆ ရှိ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတို့ကို ခံစားခွင့်ရှိသည် ဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၇ ရှိ နိုင်ငံတော်မှ စကားရပ်ကို နိုင်ငံတော်က ဟုလည်းကောင်း၊ ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည် စကားရပ်ကို ဆောင်ရွက်နိုင်သည် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၈ အပိုဒ်ခွဲ(ဈ) အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၂၃) အပိုဒ် ၈ အပိုဒ်ခွဲ(စ) ကို စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေး လုပ်ငန်းတစ်ခုက လွှမ်းမိုးမှု၊ ဝယ်ယူမှု၊ ရယူမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုကြောင့် ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်သောပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၈ အပိုဒ်ခွဲ(င) ကို စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကိုကန့်သတ်ရန် ခွင့်ပြုချက်ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၈ အပိုဒ်ခွဲ(တ) အဖြစ် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူက ပြစ်မှုနှင့်စပ်လျဉ်း၍ တရားရုံးတွင် မိမိကိုယ်တိုင် ပါဝင်ကျူးလွန်ခဲ့ကြောင်း မခြွင်းမချန် ထွက်ဆိုသူအား စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ပြုနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၂၆) အပိုဒ် ၈ အပိုဒ်ခွဲ(ဒ)ကို ပယ်ဖျက်ပါသည်။

(၂၇) အပိုဒ် ၈ အပိုဒ်ခွဲ(ဎ)ရှိ ပစ္စည်းများကိုဖြစ်စေ စကားရပ်ကို ပစ္စည်းများကို ဟု ပြင်ဆင်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၅ ဖြစ်ပါတယ်။

(၂၈) အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)ရှိ ပိုင်ဆိုင်သည့် စကားရပ်ကို လုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်သော ဟု ပြင်ဆင်ပါသည်။

(၂၉) အခန်း (၅)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ရှိ နိုင်ငံတော်၏ စကားရပ်ကို နိုင်ငံတော်နှင့် ပြည်သူတို့၏ဟုလည်းကောင်း၊ လုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို စကားရပ်များကို လုပ်ငန်းများအား ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမှ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၉ ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၃၁) အပိုဒ် ၁၀ ရှိ အစီရင်ခံစာများကို စကားရပ်ကို ပယ်ဖျက်ပါသည်။

(၃၂) ဤဥပဒေတွင် ပါရှိသော စုံစမ်းစစ်ဆေးရေးအဖွဲ့ စကားရပ်ကို စုံစမ်းစစ်ဆေးရေးကော်မတီဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ရှိ အဖွဲ့ခေါင်းဆောင် စကားရပ်ကို ကော်မတီဥက္ကဋ္ဌ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)ကို ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ကော်မတီဝင်များသည် စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ်နှင့် သက်ဆိုင်ရာ အခြားပညာရပ်များတွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူဖြစ်ရမည် ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် စကားရပ်ကို စုံစမ်းစစ်ဆေးရေးကော်မတီဝင်ဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)အဖြစ် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၇) အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)ရှိ ပတ်သက်၍ စကားရပ်ကို စပ်လျဉ်း၍ ဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၃၉) အပိုဒ် ၁၂ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(င) ကော်မတီသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(စ) လုပ်ငန်းအဖွဲ့အစည်း၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို လက်ခံစစ်ဆေးဆောင်ရွက်ခြင်း၊

(၄၀) အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၃။ မည်သူမျှ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်ကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် အခြားကူးသန်းရောင်းဝယ်သည့် အခြေအနေများ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဈေးနှုန်းညှိနှိုင်းသတ်မှတ်ခြင်း၊

(ခ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့်သဘော တူညီချက်များ ပြုလုပ်ခြင်း၊

(ဂ) မိမိ၏ စီးပွားရေးလုပ်ငန်းသည် သက်ဆိုင်ရာဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်း

(ဃ) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ ဈေးကွက် ကန့်သတ်ထိန်းချုပ်မှုကို ဆောင်ရွက်ခြင်း၊

(င) ဈေးကွက် သို့မဟုတ် ထောက်ပံ့မှု အရင်းအမြစ်များကို မျှဝေရန် ကန့်သတ်တားဆီးခြင်း၊

(စ) ထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှု၊ နည်းပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း၊

**မူကြမ်း**

(ဆ) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် ညှိနှိုင်းသတ်မှတ်ခြင်း။

(၄၁) အခန်း(၇) အပိုဒ် ၁၃ ၏ အထက်တွင် အခန်း (၈) ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

အခန်း(၈) ယှဉ်ပြိုင်မှုတွင် ဈေးကွက် လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း

(၄၂) အခန်း(၇)၊ အပိုဒ် ၁၃ ကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ဈေးကွက်လက်ဝါးကြီး အုပ်ဆောင်ရွက်မှုဖြစ်သည့် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်ခြင်း မပြုရဟုပြင်ဆင်ပြီး အပိုဒ် ၁၅ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၄၃) အပိုဒ် ၁၃ အပိုဒ်ခွဲ(င) ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၄၄) အပိုဒ် ၁၅ ကို ကော်မရှင်သည် ယှဉ်ပြိုင်မှုကိုထိန်းချုပ်သည့် သဘောတူညီချက်များနှင့် စပ်လျဉ်း၍ စားသုံးသူတို့ကို စရိတ်လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်သည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျိုးဝင်ပါက တိကျသော ကာလတစ်ရပ်သတ်မှတ်၍ ကင်းလွတ်ခွင့် ပြုနိုင်သည်ဟုပြင်ဆင်ပြီး အပိုဒ် ၁၄ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၄၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(င) ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အပိုဒ် ၁၄ အပိုဒ်ခွဲ(င) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၄၆) အခန်း(၈) ခေါင်းစဉ်ကို ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်ကို တားမြစ်ခြင်း ဟုပြင်ဆင်ပြီး အခန်း (၉) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၄၇) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဇ) ကို ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်း ဖြင့်ဖြစ်စေ၊ ဆိပ်ကမ်းရောက် လျော့နည်းသော ဈေးနှုန်းဖြင့်ဖြစ်စေ ဈေးကွက်အတွင်း ရောင်းချခြင်းဟု ပြင်ဆင်ပြီး အပိုဒ် ၁၇ အပိုဒ်ခွဲ(ဇ)အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၄၈) အပိုဒ် ၁၆ အပိုဒ်ခွဲ(ည) ကို ကော်မရှင်က စားသုံးသူများ၏ အကျိုးအတွက် လိုအပ် သည့်အခါတွင် သတ်မှတ်သည့် ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်ကို ပြုလုပ်ခြင်းဟုပြင်ဆင်ပြီး အပိုဒ် ၁၇ အပိုဒ်ခွဲ(ည) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ် ပါသည်။

**မူကြမ်း**

(၄၉) အပိုဒ် ၁၇ ကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် စားသုံးသူများ အထင်အမြင်လွဲမှား စေသော အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရဟုပြင်ဆင်ပြီး အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၀) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၁) အပိုဒ် ၁၈ အပိုဒ်ခွဲ(င)ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အပိုဒ် ၁၉ အပိုဒ်ခွဲ(င) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၈ ဖြစ်ပါတယ်။

(၅၂) အပိုဒ် ၂၂ ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အပိုဒ် ၂၃ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၃) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃) ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၄) အပိုဒ် ၂၃ ကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု ဖြစ်စေသည့် အောက်ပါအရောင်းမြှင့်တင်ခြင်းလုပ်ငန်းများကို မပြုရ ဟုပြင်ဆင်ပြီး အပိုဒ် ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၅) အပိုဒ် ၂၄ ကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် ခွဲခြားဆက်ဆံခြင်းကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရဟုပြင်ဆင်ပြီး အပိုဒ် ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၆) အပိုဒ် ၂၆ အပိုဒ်ခွဲ(ဃ)ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၇) အပိုဒ် ၂၈ ရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မျှတမှုမရှိသော စကားရပ်ကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ဈေးကွက်တွင်း မျှတမှုမရှိသော ဟုပြင်ဆင်ပြီး အပိုဒ် ၂၉ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၈) အပိုဒ် ၃၀ ကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၃၀ ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအခြေအနေများ ဖြစ်ပေါ်စေနိုင်သည့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို မပြုရဟုပြင်ဆင်ပြီး အပိုဒ် ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၅၉) အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ)အဖြစ် ပေါင်းစပ်လိုက်သည့် စီးပွားရေးဝေစုမှာ ကော်မရှင်က သတ်မှတ်သည့် ဈေးကွက်ဝေစု ကန့်သတ်ချက်ထက်ကျော်လွန် ဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၆၀) အပိုဒ် ၃၂ ရှိ ပုဒ်မ ၃၁ အရ တားမြစ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှု သို့မဟုတ် တားမြစ်ချက်တစ်ခုခုကို အောက်ဖော်ပြပါ အခြေအနေများ တွင်ကင်းလွတ်ခွင့်ပေးနိုင်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၃၃ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၉ ဖြစ်ပါတယ်။

(၆၁) အပိုဒ် ၃၂ အပိုဒ်ခွဲ(က) ရှိ ပုဒ်မ ၂၉ အရ စကားရပ်ကို ပုဒ်မ ၃၀ အရဟု ပြင်ဆင်ပြီး အပိုဒ် ၃၃ အပိုဒ်ခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၆၂) အခန်း (၁၀) ခေါင်းစဉ်ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပြီး အခန်း(၁၁) အဖြစ် ပြောင်းလဲသတ်မှတ်ပါသည်။

(၆၃) အပိုဒ် ၃၃ ရှိ ကော်မရှင် စကားရပ်ကို ကော်မတီဟုပြင်ဆင်ပြီး အပိုဒ် ၃၄ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၆၄) အပိုဒ် ၃၃ အပိုဒ်ခွဲ(ခ) ကို သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်းဟု ပြင်ဆင်ပါသည်။

(၆၅) အပိုဒ် ၃၄ ကို ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ပြီး လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်းကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်ဟု ပြင်ဆင်ပြီး အပိုဒ် ၃၅ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၆၆) မူလ အပိုဒ် ၃၅ ကို ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ) ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်း မရှိပါက ဝင်ငွေ ခွန်မပေြ ကျန်ငွေဖြစ်ဘိ သကဲ့သို့ ကောက်ခံရမည်ဟု ပြင်ဆင်ပြီး အပိုဒ် ၃၇အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၆၇) အပိုဒ် ၃၅ ကို ကော်မရှင်သည် ပုဒ်မ ၃၅ အရ အယူခံသည့်အခါ ကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၆၈) မူလအပိုဒ် ၃၇ ကို ပုဒ်မခွဲ(က) အရ ကော်မရှင်၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၆၉) အပိုဒ် ၃၆ ကို ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်း မရှိစေရဟု ပြင်ဆင်ပြီး အပိုဒ် ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၇၀) အပိုဒ် ၃၇ ရှိ သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းစကားရပ်ကို သက်သေခံအထောက်အထား၊ စာရွက်စာတမ်းဟုလည်းကောင်း၊ ချမှတ်နိုင်သည် စကားရပ်ကို ချမှတ်ရမည်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပြီး အပိုဒ် ၄၂ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၇၁) အပိုဒ် ၃၈ ကို မည်သူမဆို ပုဒ်မ ၁၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုပြင်ဆင်ပြီး အပိုဒ် ၄၀ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၇၂) အပိုဒ် ၃၉ ကို မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပို

သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုပြင်ဆင်ပြီး အပိုဒ် ၄၁ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၇၃) အပိုဒ် ၄၀ ကို ပယ်ဖျက်ပါသည်။

(၇၄) အပိုဒ် ၄၁ ကို မည်သူမဆို ပုဒ်မ ၁၃၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုပြင်ဆင်ပြီး အပိုဒ် ၃၉ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၇၅) အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄ နှင့် အပိုဒ် ၄၅ တို့ကို ပယ်ဖျက်ပါသည်။

(၇၆) အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ချက်ဖြစ်သော မူလပြဋ္ဌာန်းချက် အပိုဒ် ၄၇ ကို ယှဉ်ပြိုင်မှုကို ထိန်းချုပ်သော ဆောင်ရွက်ချက် သို့မဟုတ် ယှဉ်ပြိုင်မှုတွင် တရားမျှတမှု မရှိသော ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်ဟုပြင်ဆင်ပြီး ပုဒ်မ ၄၃ အဖြစ် ပြောင်းလဲ အမှတ်စဉ် သတ်မှတ်ပါသည်။

(၇၇) အပိုဒ် ၄၅ အဖြစ် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် စုံစမ်း စစ်ဆေးရေးကော်မတီအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇၈) အပိုဒ် ၄၇ အဖြစ် ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ကောက်ခံနိုင်ရန် ဝန်ကြီးဌာနသည် သင့်လျော်သောအရာရှိတစ်ဦးဦးကို ကော်လိတ္တော် အရာရှိအဖြစ် ခန့်အပ် တာဝန်ပေးနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇၉) အပိုဒ် ၅၀၊ အပိုဒ် ၅၁ နှင့် အပိုဒ် ၅၂ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

၅၀။ ဤဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ တစ်ဦးဦးကို နစ်နာသူက မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၅၁။ ဤဥပဒေပါပုဒ်မ ၁၃ ကို ချိုးဖောက်ရာတွင် မိမိကိုယ်တိုင်ပါဝင်ခဲ့ကြောင်း ထုတ်ဖော်သတင်းပေးသူအား ကော်မရှင်သည် ဤဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်များမှ ကင်းလွတ်သက်သာခွင့်ကို သက်ညှာမှုအဖြစ် ခံစားခွင့်ပြုနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၂။ သက်ဆိုင်ရာ တရားရုံးသည် သက်ညှာမှုပြုရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးဦး လာရောက်ပူးပေါင်းဆောင်ရွက်သည့်အချိန်နှင့် ပူးပေါင်းပါဝင်မှု အနေအထားအပေါ် မူတည်၍ ကွဲပြားခြားနားသော သက်ညှာမှုပြုနိုင်သည်။

အစီရင်ခံစာ၏ စာမျက်နှာ ၁၂ ဖြစ်ပါတယ်။

(၈၀) အပိုဒ် ၅၀ ရှိ ကော်မရှင်၏ စကားရပ်ကို ကော်မရှင်၊ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ၏ ဟုပြင်ဆင်ပြီး အပိုဒ် ၅၃ အဖြစ် ပြောင်းလဲအမှတ်စဉ် သတ်မှတ်ပါသည်။

(၈၁) အပိုဒ် ၅၂ အပိုဒ်ခွဲ(ခ) ကို ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည် ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယှဉ်ပြိုင်မှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများရှိပါက ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]